ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၁၀ ၊ အမှတ် ၁၂ 		၂၀၂၅ ခုနှစ်၊ မတ်လ ၁ ရက်

## အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း ( ၃၈ ) ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကျင်းပ။




**အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း ( ၃၈ ) ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၌ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေက အမှာစကားပြောကြားစဉ်။**

(၃၈) ကြိမ်မြောက် အကောက်ခွန်ဝန်ထမ်းဟောင်းအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးအား ၂၃-၂-၂၀၂၅ ရက် ၀၉း၀၀ နာရီတွင် အကောက်ခွန်သင်တန်းကျောင်း၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအစည်းအဝေး၌ ဂုဏ်ထူးဆောင်နာယက အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း ဥက္ကဋ္ဌတို့မှ အမှာစကားများပြောကြားခြင်း၊ နာယကကြီးများမှ သြဝါဒစကားပြောကြားခြင်း၊ ၂၀၂၅ ခုနှစ်အတွက် ရွေးချယ်ထားသော နာယကကြီးများ၏ အမည်စာရင်းအား ဖတ်ကြားတင်သွင်းခြင်း၊ ၂၀၂၄ ခုနှစ် အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းအား ရှင်းလင်းအတည်ပြုခြင်း၊ အသင်းစည်းမျဉ်းပြင်ဆင်ခြင်း၊ လှူဒါန်းထောက်ပံ့ငွေ ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ကြပြီး အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း ဥက္ကဋ္ဌမှ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပါသည်။

# ရန်ကုန်ရုံးချုပ်မှ နယ်မြေအသီးသီးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည့် အရာထမ်း၊ အမှုထမ်းများအား ဩဝါဒခံယူပွဲအခမ်းအနားကျင်းပ။




**ရန်ကုန်ရုံးချုပ်မှ နယ်မြေအသီးသီးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည့် အရာထမ်း၊ အမှုထမ်းများအား ဒုတိယညွှန်ကြားရေးမှူးချုပ် ( နယ်ရုံးများကြီးကြပ်ရေး ) ဦးရဲထွဋ်အောင်က ဩဝါဒအမှာစကားပြောကြားစဉ်။**

အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ဗေယျာသီဟခန်းမ၌ ၁၇-၂-၂၀၂၅ ရက်နေ့ နံနက် ဝ၉း၀၀ နာရီတွင် ရန်ကုန် (ရုံးချုပ်) မှ တာချီလိတ် (OSS) စစ်ဆေးရေးစခန်းနှင့် မရမ်းချောင်/ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်းများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများအား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်အောင် (နယ်ရုံးများကြီးကြပ်ရေး) မှ ဦးဆောင်၍ ဩဝါဒအမှာစကားပြောကြားသည့် အခမ်းအနားအား ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနား၌ ညွှန်ကြားရေးမှူး၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲမှလည်းကောင်း၊ ညွှန်ကြားရေးမှူး၊ စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲမှလည်းကောင်း၊ ညွှန်ကြားရေးမှူး၊ ကုန်ပစ္စည်းအလိုအလျောက်ရှင်းလင်းရေးနှင့် ထိန်းချုပ်ရေးဌာနခွဲမှလည်းကောင်း လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အမှာစကားများပြောကြားခဲ့ပြီးနောက် ဒုတိယညွှန်ကြားရေးမှူးချုပ် (နယ်ရုံးများကြီးကြပ်ရေး) မှ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပါသည်။

# အကောက်ခွန်စွမ်းဆောင်ရည်မြှင့်တင်ရေး (Capacity Building) အကူအညီပေးခြင်းနှင့် မြန်မာ-အင်ဒိုနီးရှားနှစ်နိုင်ငံ အကောက်ခွန်ဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်း (Bilateral Cooperation) ကိစ္စရပ်များအား တွေ့ဆုံဆွေးနွေးပွဲ။




**အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးမိုးကျော်အေး ဦးဆောင်သောအဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Arvinanto Soeriaatmadja နှင့် အကောက်ခွန်စွမ်းဆောင်ရည်မြှင့်တင်ရေး (Capacity Building) အကူအညီပေးခြင်းနှင့် မြန်မာ-အင်ဒိုနီးရှားနှစ်နိုင်ငံ အကောက်ခွန်ဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်း (Bilateral Cooperation) ကိစ္စရပ်များအား အကောက်ခွန်ဦးစီးဌာန အစည်းဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးစဉ်။**

၂၅-၂-၂၀၂၅ ရက်နေ့ နံနက် ၁၀:၀၀ နာရီတွင် အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန် ( ရုံးချုပ် ) ၌ ညွှန်ကြားရေးမှူး ဦးမိုးကျော်အေး ဦးဆောင်သောအဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Arvinanto Soeriaatmadja နှင့် တွေ့ဆုံခဲ့ကြပါသည်။ အဆိုပါဆွေးနွေးပွဲတွင် အင်ဒိုနီးရှားနိုင်ငံမှ အကောက်ခွန်စွမ်းဆောင် ရည်မြှင့်တင်ရေး ( Capacity Building ) အကူအညီပေးခြင်းနှင့် မြန်မာ-အင်ဒိုနီးရှားနှစ်နိုင်ငံ အကောက်ခွန်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ခြင်း ( Bilateral Cooperation ) ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ အလုပ်သင် ဒု-အကောက်ခွန်မှူးရာထူးနှင့် အကောက်ခွန်ထိန်းရာထူး ခေါ်ယူနိုင်ရေးအတွက် ရေးဖြေစာမေးပွဲအောင်မြင်သူများအား အမျိုးသားရေကူးကန်၌ ရေကူးကျွမ်းကျင်မှု စစ်ဆေးခြင်း။





**အကောက်ခွန်ဦးစီးဌာနမှ အလုပ်သင် ဒု-အကောက်ခွန်မှူးရာထူးနှင့် အကောက်ခွန်ထိန်းရာထူး ခေါ်ယူနိုင်ရေးအတွက် ရေးဖြေစာမေးပွဲ အောင်မြင်သူများအား အမျိုးသားရေကူးကန်၌ ရေကူးကျွမ်းကျင်မှုအား ညွှန်ကြားရေးမှူး ဦးကျော်ခိုင်မှ စစ်ဆေးခြင်း။**

အကောက်ခွန်ဦးစီးဌာနမှ အလုပ်သင် ဒု-အကောက်ခွန်မှူးရာထူးများ ခေါ်ယူနိုင်ရေးအတွက် ရေးဖြေစာမေးပွဲအောင်မြင်သူ (၆၂) ဦးအား ၁-၂-၂၀၂၅ ရက်နေ့တွင် အမျိုးသားရေကူးကန်၌ ရေကူးကျွမ်းကျင်မှု စစ်ဆေးခြင်းအား လည်းကောင်း၊ ၄-၂-၂၀၂၅ ရက်နေ့တွင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) တွင် လူတွေ့ စစ်ဆေးခြင်းများအားလည်းကောင်း ကျင်းပပြုလုပ်ခဲ့ပါသည်။

ဆက်လက်၍ အကောက်ခွန်ထိန်းရာထူးများ ခေါ်ယူနိုင်ရေးအတွက် ရေးဖြေစာမေးပွဲအောင်မြင်သူ (၂၄) ဦးအား ၁-၂-၂၀၂၅ ရက်နေ့တွင် အမျိုးသားရေကူးကန်၌ ရေကူးကျွမ်းကျင်မှုစစ်ဆေးခြင်းအား လည်းကောင်း၊ ၃-၂-၂၀၂၅ ရက်နေ့တွင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ၌ လူတွေ့စစ်ဆေးခြင်းအား လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများအား အကောက်ခွန်ဥပဒေဆိုင်ရာ မွမ်းမံသင်တန်း ဖွင့်လှစ်ပို့ချခြင်း



**အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများအား လုပ်ငန်းဆောင်ရွက်ရာတွင် ဥပဒေရေးရာဆိုင်ရာအသိပညာများ ပိုမိုမြင့်တက်လာစေရေးအတွက် အကောက်ခွန်ဥပဒေနှင့်ဆက်စပ် ဥပဒေများအကြောင်း သင်တန်းပို့ချစဉ်။**

အကောက်ခွန်ဦးစီးဌာနရှိ ဝန်ထမ်းများအား အကောက်ခွန်ဥပဒေများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရေး ဝန်ထမ်းများ၏အရည်အချင်း ပိုမိုမြင့်တက်လာစေရေးအတွက် အကောက်ခွန်ဥပဒေများဖြစ်သည့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ၊ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေနှင့် အကောက်ခွန်နှုန်းဥပဒေများအပြင် အကောက်ခွန်ဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ယူဆောင်ရွက်သည့် အကောက်ခွန်လုပ်ငန်းများတွင် အကောက်ခွန်ဥပဒေနှင့် ဆက်စပ်ဥပဒေများ ချိတ်ဆက်မှုအား သိရှိစေရန်အတွက် ဆက်စပ်ဥပဒေများဖြစ်သည့် ပို့ကုန်သွင်းကုန်ဥပဒေ၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေတို့အား အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)၏ ဌာနခွဲ (၁၂) ခုမှ ဝန်ထမ်းများအား ၁၃-၂-၂၀၂၅ ရက်နေ့မှ ၁၄-၂-၂၀၂၅ ရက်နေ့အထိ အကောက်ခွန်သင်တန်းကျောင်း၊ သင်တန်းခန်းမ၌ ၈:၀၀ နာရီ မှ ၉:၃၀ နာရီအထိ သင်တန်းပို့ချခဲ့ပြီး သင်တန်းသားဦးရေ ( ၅၀ ) ဦး တက်ရောက်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ဓမ္မစကြာဝတ်ရွတ်အသင်းမှ ဓမ္မစကြာ၊ ပဋ္ဌာန်းဒေသနာတော်တို့ ရွတ်ဖတ်ပူဇော်ခြင်း။



**အကောက်ခွန်ဦးစီးဌာန၏ ဝန်ထမ်းများမှ ဓမ္မစကြာ၊ ပဋ္ဌာန်းဒေသနာတော်တို့အား ရွတ်ဖတ်ပူဇော်စဉ်။**

အကောက်ခွန်ဦးစီးဌာန၌ ဓမ္မစကြာ၊ ပဋ္ဌာန်းဒေသနာတော်တို့အား ရွတ်ဖတ်ပူဇော်နိုင်ရေးအတွက် အဖွဲ့တစ်ဖွဲ့တွင် ဝန်ထမ်းအင်အား (၃၀) ဦးခန့်ဖြင့် အဖွဲ့ (၂) ဖွဲ့ခွဲ၍ ရွတ်ဖတ်ပူဇော်လျက်ရှိပြီး အဖွဲ့တစ်ဖွဲ့လျှင် လက်ထောက်ညွှန်ကြားရေးမှူး (၂) ဦးမှ ဦးဆောင်၍ ၁၁-၂-၂၀၂၅ ရက်နေ့နှင့် ၂၆-၂-၂၀၂၅ ရက်နေ့များတွင် ရွတ်ဖတ်ပူဇော်ခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၂၆၉၇၁.၆၄၀ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်း၊ အထူးကင်း၊ ရန်ကုန်စာတိုက်နှင့် အကောက်ခွန်နယ်မြေဒေသများ၌ တင်သွင်း / တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိဘဲ တင်သွင်း / တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေတားဆီး အရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီလ (၁) ရက် မှ (၂၈) ရက်အထိ စုစုပေါင်း တားဆီး /ဖမ်းဆီးမှု ( ၄၃၂ ) မှု ဖြစ်ပြီး စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် ( ၂၆၉၇၁.၆၄၀ ) သန်း ဖြစ်ပါသည်။

**ရန်ကုန် တားဆီး/ ဖမ်းဆီးမှု**



၂၀-၂-၂၀၂၅ ရက်နေ့တွင် AWPT ဆိပ်ကမ်း၌ Dream Glow Co.,Ltd မှ ID No. 100297773661 (18.2.2025) ဖြင့် တင်သွင်းလာသော ပေ ၄၀ ကုန်သေတ္တာ (၂) လုံးအား အထူးအဖွဲ့နှင့် စစရအဖွဲ့၏ (Suspect) အရ ဆိပ်ကမ်းတာဝန်ကျအဖွဲ့ဖြင့် စစ်ဆေးရာ ID တွင် ကြေညာထားသည်နှင့် Brand, Model, SIZE, Power များ ကွဲလွဲပါရှိလာသည့်အပြင် ပိုမိုပါရှိလာသော (Solar Panel) (Brand : JA Solar) (Model : JAM72D40-590/MB) (Power : 6590 W) (Diemension : 2278x 1134x30 MM) (720 U)(C/O– China) အပါအဝင် Solar Panel (၂) မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် - ၉၅၃,၁၁၉,၄၄၀/- အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၅ ခုနှစ် ၊ ဖေဖော်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၂၆၉၇၁.၆၄၀ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ


## ရန်ကုန် တားဆီး / ဖမ်းဆီးမှု




၆-၂-၂၀၂၅ ရက်နေ့တွင် သီလဝါဆိပ်ကမ်း (MITT) ၌ Asia Central Panda Co.,Ltd မှ ID No-100294978930 (15/1/2025) ဖြင့် တင်သွင်းလာသော ပေ ၂၀ ကုန်သေတ္တာ (၈) လုံးအား ထုတ်/သွင်းဌာနခွဲ၏ Suspect အရ ဆိပ်ကမ်းတာဝန်ကျအဖွဲ့ဖြင့် စစ်ဆေးရာ သွင်းကုန်လိုင်စင်တွင် ကြေညာထားသည့် H.S Code နှင့် မျက်မြင်စစ်ဆေး တွေ့ရှိရသည့် ကုန်ပစ္စည်း၏ H.S Code ကွဲလွဲနေသော (Brand New Construction Materials) (Composite Board Brand – ACP) (Size - 1220 x 2440 x 2.5 TO 8) mm (C/O – China) (19,223 PS) (199,990.000 Kg) ခန့်မှန်း တန်ဖိုးကျပ် - ၃၅၈,၇၈၂,၀၆၀/- အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၅ ခုနှစ် ၊ ဖေဖော်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၂၆၉၇၁.၆၄၀ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု






၂၃-၂-၂၀၂၅ ရက်နေ့တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ ပို့ကုန်တာဝန်ကျပူးပေါင်း စစ်ဆေးရေးအဖွဲ့သည် စစ်ဆေးရေးဂိတ်၌ တာဝန်ထမ်းဆောင်စဉ် မန္တလေးမြို့မှ မြဝတီမြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ်အမှတ် (3M-2622) (Express) အမျိုးအစားယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားများ တင်ပြနိုင်ခြင်းမရှိသည့် (လည်ဆွဲအပြား) (၁၆၀၀ ခု) (80 KG) အပါအဝင် ကျောက်စိမ်းဟုယူဆရသည့် အချောထည်ပစ္စည်း (၁၂)မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ်-၂၄,၈၆၀,၀၀၀/- အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၅ ခုနှစ် ၊ ဖေဖော်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၂၆၉၇၁.၆၄၀ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

**နယ်မြေ တားဆီး/ဖမ်းဆီးမှု**







၁၂-၂-၂၀၂၅ ရက်နေ့ သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ် တာဝန်ကျ ပူးပေါင်းစစ်ဆေးရေး အဖွဲ့မှ တားဆီးခဲ့ပြီး ၁၄-၂-၂၀၂၅ ရက်နေ့ (၁၄:၁၅) နာရီတွင် ဘားအံမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး၊ ဝန်ထမ်းအိမ်ရာဝင်းအတွင်း၌ ပူးပေါင်းအဖွဲ့စုံဖြင့် စစ်ဆေးခဲ့ရာ ဘားအံအဝေးပြေးကားကြီးကွင်းဂိတ်မှ ရန်ကုန်မြို့သို့ သွားရောက်မည့်ယာဉ်အမှတ်၊ (3S/3083) (Express) ယာဉ်ပေါ်တွင် တရားဝင် စာရွက် စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် (JOHNNIE WALKER) (Gold Label Whisky)(1 Lit) (1 x 6 Pkgs) (C/O–Scotland) (26Cartons) ခန့်မှန်းတန်ဖိုးကျပ် - ၁၅,၆၀၀,၀၀၀/- အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ် ၊ ဖေဖော်ဝါရီလအတွင်းလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၂၆၉၇၁.၆၄၀ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

**ထူးခြားဖမ်းဆီးမှု**



၆-၂-၂၀၂၅ ရက်နေ့တွင် ရန်ကုန်လေဆိပ်(သွင်းကုန်) ၌ KHIN THUZA အမည်ဖြင့် Myanmar DHL Co.,Ltd (Bonded Warehouse) သို့ လေယာဉ်ခရီးစဉ်အမှတ် (TG-0303/SF–1176) (HAWB No–6917132261) (MAWB No – 21703 651955) ဖြင့် ရောက်ရှိလာသည့် ပစ္စည်းအား လေဆိပ်ကုန်လျောင်ရုံရှိအဖွဲ့စုံဖြင့် စစ်ဆေးရာ (Router) (1 pcs) ဟု ကြေညာထားသော (Brand - Starlink Standard Kit) (Model No - UTP-232L) (IP66 Type 4) (P/N - 36500001-503/B) (S/N P4LV 248210204 660) (Dish) (Power supply) (router and cables) (C/O – Vietnam) (1 Set) ခန့်မှန်းတန်ဖိုးကျပ် - ၂,၀၀၀,၀၀၀/- အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၂၆၉၇၁.၆၄၀ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## ထူးခြားဖမ်းဆီးမှု




၃-၂-၂၀၂၅ ရက်နေ့တွင် Pharmaforte Co.,Ltd မှ လေယာဉ်ခရီးစဉ်အမှတ် (TG-303) (3.2.2025) (SF - 1107) (AWB No– 21702329191) ၊ (ID No– 100296 784012) (5.2.2024) ဖြင့် တင်သွင်းလာသော ပစ္စည်းများမှာ မျက်မြင်စစ်ဆေးတွေ့ရှိချက်အရ ID,IL, Invoice, Packing List တို့တွင် ကြေညာထားခြင်း မရှိသည့် (HucoG-5000 HP) (Injection) (C/O – India) (Exp - 08/27) (5000 U) အပါအဝင်ပစ္စည်း (၃) မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် - ၃၈,၈၅၀,၀၀၀/- အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။